# အသက်ရှင်တော်မူသော

# ဘုရား



"In loving memory of Homer Duncan (1913-2006)"

ခရစ်တော်၌အိပ်ပျော်သွားသော

Homer Duncan (1913-2006) အတွက်

အမှတ်တရ

# Translated from

# THE LIVING GOD

by

Homer Duncan

# သမ္မာကျမ်းစာမှ ကောက်နုတ်ချက်

ဤဇာတ်လမ်းတွင်တွေ့ရှိရသည်မှာ - ယေရှုဘုရားသည် လူသားတို့၏ ဒုက္ခအကုသိုလ်များကို ခွင့်လွှတ်နိုင်စွမ်းရှိ၍ ၎င်းတို့၏ ဘဝကိုပင် ပြောင်းလဲပြုပြင်နိုင်စွမ်းရှိသည်။ မှန်မြတ်သော သမ္မာကျမ်းစာအရ - ယေရှုရှင်သည် ထာဝရဘုရားသခင်၏ တစ်ပါးတည်းသော သားတော်ဖြစ်ကြောင်းသိရသည်။ ယေရှုသည် လူသားအားလုံးအပေါ်တွင် မေတ္တာထားတော်မူသည်။ ဆာလောင်မွတ်သိပ်သူတို့အား စားစရာကို ပေးသည်။ သေသောသူ အများအပြားတို့အား အသက်ရှင်စေခဲ့သည်။ အရေးကြီးဆုံးအချက်မှာ သူတို့၏ မကောင်းမှုဒုစရိုက်အကုသိုလ်တို့ကို ခွင့်လွှတ်တော်မူခြင်းအခွင့်ကိုပေးသနားတော်မူခြင်းဖြစ်သည်။

ဘုရားသခင်၏ ဆုံးမသြဝါဒကို ဆန့်ကျင်လျက် ကျင့်သုံး ပြုမူနေကြသော သူတို့အားရဲရင့်စွာ အပြစ်တင် ပယ်ရှင်းခဲ့သည့်နည်းတူ ယင်းကဲ့သို့ ပြုမူကျင့်သုံးနေသူတို့သည် ဘုရားသခင်အား အမှန်တကယ်စစ်မှန်စွာ ကိုးကွယ်နေသူများမဟုတ်ဘဲ ဟန်ဆောင်နေကြခြင်းသာ ဖြစ်သည်ကို လူသားတို့မှာ ပြင်ပသဏ္ဍာန်ကိုသာမြင်တတ်ကြသော်လည်း၊ ဘုရားသခင်သည် လူသားတို့၏ အတွင်းစိတ်ကိုပင် သိမြင်တော်မူလေသည်။ ထာဝရဘုရားသခင်အားဟန်ဆောင်ကိုးကွယ်နေကြသောဘာသာရေးခေါင်းဆောင်လူကြီးအချို့တို့သည် ယေရှုရှင်၏ အံ့သြဖွယ်ရာ လုပ်ဆောင်မှုများကို မြင်တွေ့သိမြင်သောအခါ မနာလိုသောစိတ်ရှိကြ၍ သခင်ယေရှုအား သုတ်သင်သတ်ဖြတ်ရန် ကြံစည်ခဲ့ကြလေသည်။

ယေရှုရှင်သည် တပည့်တော်များအား သူသည်အသေခံရမည် ဖြစ်သော်လည်း(၃)ရက်မြောက်သော နေ့၌ ရှင်ပြန်ထမြောက်တော်မူ၍ ကောင်းကင်နိုင်ငံ၌ ချီးဆောင်ခြင်းကိုခံယူတော်မူပြီးဘုရားသခင်၏ လက်ယာဘက်၌ စိုးစံတော်မူမည်ကို ကြိုတင်မိန့်တော်မူခဲ့သည့်အတိုင်း သခင်ယေရှုသည် ရက်စက်စွာ အသေသတ်ခြင်းကို ခံတော်မူပြီးနောက် (၃)ရက်မြောက်သောအခါ တပည့်တော်များသည် သင်္ချိုင်းတော်သို့ သွားရောက်ကြသောအခါ ဂူအတွင်း၌သခင်ယေရှုအားမတွေ့ရဘဲကွက်လပ်ဖြစ်နေသည်ကိုသာတွေ့ရှိကြရသည်။

ထို့နောက်သခင်ယေရှုသည် သက်ရှိထင်ရှားရှိလျက် တပည့်တော်တို့နှင့် အတူ ရက်ပေါင်း(၄၀)တိုင် နေထိုင်သြဝါဒပေး၍ အံ့သြဖွယ်သော နိမိတ်လက္ခဏာများကို ပြပြီးနောက် ကောင်းကင်နိုင်ငံသို့ပြန်လည်ကြွတော်မူပြီးလျှင် ခမည်းတော်ထာဝရဘုရား၏ လက်ယာ၌ဘုန်းဝင်စားတော်မူလေသည်။

ထို့အတွက်ကြောင့်လည်း သခင်ယေရှုခရစ်တော်က မိန့်တော်မူသည်မှာ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါမှတစ်ဆင့်သာလျှင် လူတို့သည် ထာဝရဘုရားသခင်ထံသို့ ရောက်နိုင်သည်။ သင်တို့သည် အမှန်တရားကို သိရှိနားလည်လာမည်။ အမှန်တရားသည် သင်တို့အား သံသရာဘဝလည်ပတ်ခြင်းမှကင်းလွတ်ခွင့် ပြုလိမ့်မည်။ ဘုရားသခင်၏ သားတော် ယေရှုကိုယုံကြည်ကိုးကွယ်သူတို့သည် သံသရာဘဝမှ လွတ်ငြိမ်းခွင့်ရမည်။ မယုံကြည်သောသူတို့အား ဘုရားသခင်သည် ကြိုက်နှစ်သက်တော် မမူ။

အကျွန်ုပ်တို့သည် မိမိဘဝတွင်သခင်ယေရှုကိုယုံကြည်စွာလက်ခံမည်လော။ ငြင်းပယ်မည်လော။ ယေရှုဘုရား အကျွန်ုပ်တို့၏ အကုသိုလ် မှန်သမျှတို့ကို ခွင့်လွှတ်ပါ။ အကျွန်ုပ်တို့ဘဝကို ဖြူစင်စေပါဟု ဆုတောင်းသင့်ပါသည်။

ယေရှုအရှင်ဘုရား အကျွန်ုပ်၏ ဒုစရိုက်အကုသိုလ်အလုံးစုံကို ခွင့်လွှတ်တော်မူပါ။ ဤအချိန်မှစ၍ အရှင်ဘုရားသည် အကျွန်ုပ်၏ ဘဝကို ကယ်တင်သောအရှင်ဖြစ်၍ သမ္မာကျမ်းစာတော်မြတ်ကို ဖတ်ရှုနိုင်ရန်အတွက် ကူညီမစတော်မူပါ။

အကျွန်ုပ်၏ ဘဝအတွင်းသို့ ဝင်ရောက်လာပြီးအရှင်ဘုရား၏အကြောင်းကို သိရှိခွင့်ပေးသောကြောင့် ကျေးဇူးဥပကာရ တင်ရှိကြောင်းနှင့် အကျွန်ုပ်တို့သည် မိမိတို့၏ မကောင်းမှု ဒုစရိုက်များကို ပွင့်လင်းစွာ ဝန်ခံလျှင် သခင်ယေရှုသည် ခွင့်လွှတ်တော်မူ၍ ဖြူစင်စေလိမ့်မည်။


တစ်နေ့သောအခါ ... မောင်ဇေယျာသည် မိမိ၏ အလုပ်ရုံးမှ အိမ်သို့ အပြန်လမ်းတွင် ... ကောလိပ် ကျောင်းတံခါးဝမှ ထွက်လာသော မိတ်ဆွေ ဖြစ်သူ မောင်ထွန်းလင်းနှင့် တွေ့ဆုံလေသည်။
သူတို့နှစ်ဦး အတူ လျှောက်သွားရင်း ဘုရားအကြောင်း ဆွေးနွေးကြလေသည်။


ခင်ဗျား
အသက်ရှင်တော်မူတဲ့
ဘုရားသခင်အကြောင်း
သိချင်သလား...
ဆိုစမ်းပါဦးဗျာ...
လူထောင်ပေါင်းများစွာတို့ဟာ ဘုရားသခင်ကို
သိကြတဲ့အတွက် ဝမ်းမြောက်ကြပါတယ်...


သမ္မာကျမ်းစာဟာ အသက်ဝင်ပြည့်စုံပြီး
လူသားတွေအတွက် အလင်းရစေပါတယ်။
ကယ်တင်ခြင်းတရားကို လက်တွေ့ခံစား
ရယူဖို့ရာ ....
သမ္မာ
ကျမ်းစာ
ဖော်ပြထားတဲ့ ဘုရားသခင်ရဲ့ နှုတ်ထွက်စကားတော်
များဟာ လုံးဝပြည့်စုံလုံလောက်ပါတယ်...
ဒါဆိုရင်ဘုရားသခင်ဟာ
ဘယ်သူလဲ။
ဘယ်လိုပုဂ္ဂိုလ်လဲ...
သမ္မာကျမ်းစာမှာ ရေးထားသမျှ အကြောင်းအရာ အားလုံးဟာ
တစ်ခုနဲ့ တစ်ခုညီညွတ်ပြီး အဆက်အစပ် ရှိကြတယ်....


သမ္မာကျမ်းစာအရ ဘုရားသခင်ဟာ ထာဝရအသက်ရှင်တော်မူတဲ့ တန်ခိုးရှင် ဖြစ်တယ်။ စုံလင်တဲ့ ဉာဏ်၊ကြွယ်ဝတဲ့ မေတ္တာနဲ့ နေရာတိုင်းမှာ ရှိတော်မူပြီး မပြောင်းမလဲ တည်ရှိတော်မူတဲ့ ဘုရား ဖြစ်တယ်....
နေ၊လ၊ကြယ်နဲ့ တစ်ကြွရှိသမျှတို့ကို ဘုရားသခင် ဖန်ဆင်းတော်မူတယ်....
ဘုရားသခင်ဟာ ပထမဆုံးလူသားကို မိမိ အသွင်သဏ္ဍာန်နဲ့ အညီ ဖန်ဆင်းတော်မူတယ်။ ဒါပေမယ့် ခန္ဓာကိုယ်ကိုတော့ မြေမှုန့်နဲ့ ပြုလုပ်တော်မူပြီး "အာဒံ" လို့ အမည်ပေးခဲ့တယ်....


ဘုရားသခင်က " အာဒံ " အတွက် " ဧဝ " ကို ဖန်ဆင်းပေးပြီး ဒေင်ဥယျာဉ်မှာ နေထိုင်စေတယ်....
ဥယျာဉ်ထဲရှိသမျှ သစ်သီးဝလံများကို
စားသုံးခွင့် ရှိပေမယ့်....
ဘုရားသခင်က
အကောင်းနဲ့ အဆိုးကို
သိစေတဲ့ အသီးကို မစားဖို့တော့
တားမြစ်ခဲ့တယ်။ တကယ်လို့ စားရင်တော့ သူတို့ သေလိမ့်မယ်....


စာတန်မာရ်နတ်ဟာ
ဘုရားသခင်ကိုရော၊
လူကိုပါ မုန်းတယ်။
ဒါကြောင့် “ဧဝ” ကို
လှည့်စားဖို့ စီစဉ်ခဲ့တယ်....
စာတန်ဟာ မြွေသဏ္ဍာန်ကို ဆောင်ပြီး “ဧဝ” ကို
တားမြစ်ထားတဲ့ အသီးကို စားဖို့ သွေးဆောင်တယ်....


စာတန်က "ဒီအသီးကိုစားရင် မသေတဲ့အပြင် အသိဉာဏ်နဲ့ ပြည့်စုံလိမ့်မယ်" လို့ ပြောတဲ့အတွက် "ဧဝ" က အသီးကို ယူစားတယ်။ "အာဒံ" ကိုလည်း ကျွေးတယ်....
ဘုရားသခင်သိသွားသော အခါမှာ "မင်းတို့ ဘာလုပ်မိကြသလဲ" လို့မေးတော့ "အာဒံ" ကသူ့ရဲ့ မိန်းမအပေါ် အပြစ်ပုံချတယ်။ တစ်ခါ သူ့ မိန်းမက မြွေအပေါ် အပြစ်ပုံချတယ်။
၇


ဘုရားသခင်ရဲ့အမိန့်တော်ကို နားမထောင်ဘဲအပြစ်
လုပ်ကြတယ်။ ဒါကြောင့် ဘုရားသခင်ရဲ့ အမျက်
တော်ဟာ "အာဒံ"၊ "ဧဝ" နဲ့ မြွေအပေါ် ကျရောက်
ခဲ့တယ်....
ဒါကြောင့် ဘုရားသခင်က "ဧဒင်" ဥယျာဉ်ထဲက နှင်ထုတ်
လိုက်တဲ့အချိန်ကစပြီး သူတို့ဟာ ပင်ပန်းကြီးစွာ အလုပ်
လုပ်ကိုင်ရင်း အသက်မွေးရတော့တယ်....


"အာဒံ" နဲ့ "ဧဝ" ဟာ
ကိုယ်ခန္ဓာအရမသေသော်လည်း
ဝိညာဉ်ရေးဆုံးခဲ့ပြီးဖြစ်သည့်အတွက်
ဘုရားသခင်နဲ့ ဆက်သွယ်ဖို့ဆိုတာ
မထိုက်တန်တော့ပါ....
မွေးဖွားသမျှ ကလေးတိုင်းဟာ သဘာဝအရ ဆုံးမစကားနားထောင်သည်သာမက
ဝိညာဉ်ရေးအရလည်း သေဆုံးပြီးသားဖြစ်တယ်....


ဒါကြောင့်မို့လို့ လူတွေဟာ
ဖြောင့်မတ်တော်မူတဲ့ ဘုရား
သခင်ကို ကိုးကွယ်ဝတ်ပြုမယ့်အစား
တိရစ္ဆာန်တွေ၊ တွားသွားတဲ့
သတ္တဝါတွေနဲ့ ရုပ်ထု
တွေကို ကိုးကွယ်ကြတယ်....
ဆိုးသွမ်းတဲ့သူတွေဟာ ဘုရားသခင်ကို
မကိုးကွယ်ကြဘူး။ သူတို့ဟာ ခိုးဝှက်ခြင်း၊ လူသတ်
ခြင်းစတဲ့ အပြစ်တွေကို ကျူးလွန်ကြတယ်။ ဒါကြောင့်
ဘုရားသခင်က လူသားတိုင်းအပေါ် အမျက်ထွက်တော်မူတယ်
ဘုရားသခင်ဟာ လူသားတွေအတွက်
စည်းမျဉ်းဥပဒေများ
ချပေးပေမယ့်လည်း သူတို့
မလိုက်နာကြဘူး။
ဒါကြောင့်မို့လို့
ကယ်တင်ခြင်းဟာ
လူသားတွေအတွက်
ဘယ်လောက်
လိုအပ်ကြောင်း
သိလာခဲ့တယ်


ဒီအကြောင်းတွေကို ပညတ်တော်များမှာ ပေးထားပါတယ်။


(၁) ငါမှတစ်ပါး အခြားသောဘုရားကို မကိုးကွယ်ရ။
(၂) သင့်အဖို့ ကိုးကွယ်ရန် ရုပ်တုမလုပ်ရ။
(၃) ဘုရားသခင်၏ နာမတော်ကို အချည်းနှီးသက်သက် မမြွက်ဆိုရ။
(၄) ဥပုသ်နေ့ကို စောင့်ရှောက်လော့။
(၅) သင်၏ မိဘကို ရိုသေစွာ ပြုလော့။
(၆) လူ့အသက်ကို မသတ်ရ။
(၇) မတရားသော မေထုံကို မမှီဝဲရ။
(၈) သူ့ဥစ္စာကို မခိုးရ။
(၉) မတရားသော သက်သေကို မခံရ။
(၁၀) မိမိနှင့် စပ်ဆိုင်သော သူ၏ ဥစ္စာကို တပ်မက်ခြင်း မရှိရ။





ပညတ်တော်(၁၀)ပါးဟာ ကွင်းဆက်သံကြိုးနဲ့ တူပြီး ကွင်းဆက်တစ်ခုပြုတ်ခဲ့ရင် ကွင်းဆက်သံကြိုး တစ်ခုလုံး ပြုတ်တာပါပဲ ။ ကျွန်တော်တို့ လူသားတွေဟာ ကောန်မုချ ပညတ်တော် တစ်ပါးပါးကို ချိုးဖောက်လေ့ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ အသက်တာမှာရှိတဲ့ အပြစ်ကြောင့် ဘုရားသခင်နဲ့ ထာဝရဝေးကွာစေပါတယ်။ ဒါပေမယ့် ....


ဘုရားသခင်ကိုယ်တော်တိုင်ဟာ ခရစ်တော်ရဲ့
သဏ္ဍာန်ကိုဆောင်ပြီး ဒီလောကထဲကို
လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀၀) လောက်က
ဆင်းသက်ခဲ့တယ်။ ပါလတိနပြည်၊
ဗက်လင်မြို့မှာ အပျိုကညာ "မာရိ" ရဲ့
ဝမ်းကနေ မွေးဖွားခြင်း ခံတော်မူခဲ့ပါတယ်။
ဒီမွေးဖွားခြင်းဟာ ဘုရားသခင်ရဲ့
အလိုတော်နဲ့ အညီဖြစ်ပါတယ်။
ခရစ်တော်ဟာ စုံလင်တဲ့ လူသားတစ်ဦးဖြစ်ပါတယ်....
ခရစ်တော် ယေရှု ကြီးပြင်းလာတဲ့အခါ ဘုရားသခင်ရဲ့ သစ္စာတရားနဲ့
အကြောင်းတော်မြတ်ကို သွန်သင်ခြင်းအားဖြင့် အမှုတော်ကို ဆောင်ရွက်ခဲ့ပါတယ်။ သူရဲ့ အသက်
တာနဲ့ သူ့ရဲ့ သွန်သင်ချက်ဟာ ဘုရားသခင်ရဲ့ ဇာတိတော်ကို ဖော်ပြခဲ့ပါတယ်။


သူဟာ ဖျားနာတဲ့ သူတွေကို ပျောက်ကင်းစေခဲ့တယ်။
ရေပေါ်မှာ လမ်းလျှောက်တော်မူပြီး ပင်လယ်မုန်တိုင်းကို
ငြိမ်းစေတော်မူတယ်
သေသူတွေကို
ရှင်ပြန်စေတော်မူတယ်
မျက်မမြင် ကန်းတဲ့သူတွေကို
မြင်စေတော်မူတယ်



သခင်ခရစ်တော်ရဲ့ အသက်တာဟာ အပြစ်ကင်းစင်တဲ့အပြင် သေခြင်းကို အောင်တော်မူတယ်။ သူဟာ ထူးမြတ်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ လူတွေဟာ ခရစ်တော်ရဲ့ သန့်ရှင်းဖြူစင်လှတဲ့ အသက်တာကို ကြည့်ပြီး ကိုယ်တော့်ကို မုန်းတီးကြတယ်။ ခရစ်တော်ရဲ့ သန့်ရှင်းမြင့်မြတ်တဲ့ အသက်တာကို မြင်တွေ့လေလေ၊ မိမိရဲ့ ဇာတိပကတိအပြစ်၊ ဒုစရိုက် အပြစ်တွေကို နားလည် သဘောပေါက်လေ ဖြစ်ကြတယ်။ သူတို့ဟာ သခင်ယေရှု အပေါ်မှာ အလွန်ယုတ္တိမရှိတဲ့ အပြစ်နဲ့ စွပ်စွဲပြီး တရားရုံးမှာသေမိန့် ချပေးဖို့ တောင်းဆိုကြတယ်။ ဒါပေမယ့် ကိုယ်တော်ရှင်ရဲ့ ရန်သူတွေဟာ ကိုယ်တော်ရှင်က မိမိအသက်တော်ကိုစွန့်ဖို့ ကြိုတင်သိထားတဲ့အကြောင်း မသိကြပါဘူး။ ခရစ်တော်ရဲ့ကားတိုင်တင်စံရခြင်းဟာ ဘုရားသခင်ရဲ့အစီအစဉ်တော်ထဲက တစ်စိတ်တစ်ဒေသဖြစ်ပြီး လူသားတွေရဲ့ အပြစ်နဲ့ ပြည့်ဝနေတဲ့အသက်တာတွေကို ကိုယ်တော်ရဲ့ သေဆုံးခြင်းအားဖြင့် အပြစ်ကရွေးနုတ်ကယ်တင်ဖို့ဖြစ်တယ်။ ရောမဘုရင်ခံ ပိလတ်မင်းဟာ တရားစီရင်တဲ့ တရားသူကြီးဖြစ်တယ်။ ခရစ်တော်ရဲ့အပေါ်မှာ လူတွေတင်တဲ့ စွပ်စွဲချက်တွေက လုံးဝမမှန်ကန်တဲ့ အကြောင်း ပိလတ်မင်းသိပေမယ့် လူထုကိုကျေနပ်နှစ်သိမ့်စေပြီး မျက်နှာရလိုတဲ့အတွက်ကြောင့် ခရစ်တော်ကို တရားခုံရုံး ပို့ပေးကြတဲ့ ရန်သူတွေကိုပဲ တရားစီရင်ခိုင်းလိုက်တယ်....




သခင်ယေရှုကို ကိုယ်တော်ရဲ့ရန်သူတွေ လက်ထဲအပ်ပြီး
ဦးခေါင်းခွံ အရပ်ကို ခေါ်ဆောင်သွားနိုင်းခဲ့တယ်။
သူတို့ဟာ ယေရှုကို ကြာပွတ်တွေနဲ့ ရိုက်နှက်ပြီး၊
ဦးခေါင်းတော်ပေါ်မှာ ဆူးသရဖူကို နှိပ်ဆောင်း
ပေးခဲ့တယ်....
နောက်ဆုံးကိုယ်တော်ရှင်ကို အသေသတ်ဖို့
အတွက် လက်ဝါးကပ်တိုင်ပေါ်မှာ တင်ပြီး
သံမှိုနဲ့ ရိုက်ထားကြပါတယ်....
သခင်ယေရှုက အလွန်ကျယ်တဲ့အသံနဲ့
"အို အဘ၊ သူတို့ဟာ သူတို့ ဘာလုပ်နေကြတယ် ဆိုတာ မသိကြတဲ့အတွက် သူတို့ရဲ့အပြစ်ကို
လွှတ်တော်မူပါ" လို့ ဘုရားသခင်ကို တောင်းပန်ခဲ့ပါတယ်....
၁၅



သခင်ယေရှုက နောက်တစ်ကြိမ် အလွန်ကျယ်တဲ့ အသံတော်နဲ့ "အမှုပြီးပြီ" လို့ အော်ဟစ်ကြွေးကြော်ပြီး အသက်စွန့်တော်မူခဲ့ခြင်းအားဖြင့် ကျွန်ုပ်တို့ကို ဘုရားသခင်နဲ့ နီးကပ်စေခဲ့ပါတယ်....
သူတို့က ကိုယ်တော်ရှင်ရဲ့ အလောင်းတော်ကို ကျောက်ဂူထဲမှာ သင်္ဂြိုလ်ပြီး ဂူပေါက်ဝကို ကြီးမားတဲ့ ကျောက်တုံးကြီးနဲ့ ပိတ်ပစ်ခဲ့ကြပါတယ်။ ဂူပေါက်ကို အလုံပိတ်ပြီးတော့ ရောမစစ်သားတွေကို အစောင့်ချထားလိုက်ပါတယ်....

သခင်ယေရှုက တပည့်တော်တွေကို ကိုယ်တော်ရှင် အသေသတ်ခြင်းခံရပြီးတဲ့နောက်(၃)ရက်မြောက်တဲ့နေ့မှာရှင်သန်ထမြောက်တော်မူလိမ့်မယ်လို့ အစကတည်းကပြောထားပါတယ်။(၃)ရက်မြောက်တဲ့နေ့မှာ "မာရိ" က သချိုင်းတော်ကိုသွားကြည့်တဲ့အခါ ဂူဝကို ပိတ်ထားတဲ့ ကျောက်တုံးကြီးဟာ ဘေးကိုရောက်နေပြီး သခင်ယေရှုရဲ့အလောင်းတော်ဟာလည်း ဂူထဲမှာ မရှိတော့တာကို တွေ့ရတယ်။ ဥယျာဉ်မှာ မာရိနဲ့ တွေ့ဆုံတဲ့ ပုဂ္ဂိုလ်ဟာ ဥယျာဉ်မှူးမဟုတ်။ သေခြင်းက ရှင်ပြန်ထမြောက်တော်မူတဲ့ ယေရှု။ တစ်မျိုးပြောရရင် အသက်ရှင်တော်မူတဲ့ ဘုရားသခင်ဖြစ်တဲ့အကြောင်း သိရှိခဲ့ပါတယ်....




တပည့်တော်နှစ်ယောက်
လမ်းလျှောက်သွားနေတဲ့
အချိန်နဲ့.....
ရေကန်ရဲ့တစ်ဖက်မှာ
တပည့်တော်တွေ ငါး
မျှားနေတဲ့ အချိန်.....
ကိုယ်တော်ရှင်က
လူပေါင်း(၅၀၀)ကျော်
ရှေ့မှောက်မှာလည်း ကိုယ်ထင်ရှားပြခဲ့တယ်။
သခင်ယေရှုဟာ အသက်ရှင်လျက်၊
သေခြင်းက ရှင်ပြန်
ထမြောက်တော်မူခဲ့ပါတယ်.....


ကိုယ်တော်က ကျွန်ုပ်တို့ရဲ့အပြစ်များကို ဘယ်တော့မှ ပြန်ပြီးပေါ်ပေါက်သတိမရစေဖို့ အနက်ရှိုင်းဆုံးအရပ်မှာ မြှုပ်နှံလိုက်ပြီလို့ မိန့်တော်မူပါတယ်....
သမ္မာကျမ်းစာတော်အရ ခရစ်တော်ယေရှုဟာ ကျွန်တော်တို့ရဲ့အပြစ်များအတွက် သေခြင်းကို ခံတော်မူတယ်။ မြှုပ်နှံခြင်းကို ခံတော်မူပြီးမှ တစ်ဖန်ရှင်ပြန်ထမြောက်တော် မူတယ်။ ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံခြင်းအားဖြင့် သင့်အပြစ်ရဲ့အဖိုးအခကို သင့်ကိုယ်စား ပေးဆပ်တော်မူတယ်။ ကိုယ်တော်ဟာ စာတန်နဲ့ စာတန်ရဲ့အဖျက်လုပ်ငန်းတွေကို နှိမ်နင်းပြီး ပြန်လည်ပြုပြင်ခဲ့တယ်....
ယေရှုခရစ်တော်ဟာ အသက်တော်ကို စွန့်လွှတ်ပူဇော်ခြင်းအားဖြင့် ကျွန်ုပ်တို့ရဲ့ အပြစ်အားလုံးအတွက် အဖိုးအခကို ပေးဆပ်ခဲ့ပါတယ်....


ခရစ်တော် ကားတိုင်မှာ အသေခံခြင်း အားဖြင့်
ဘုရားသခင်ရဲ့အလိုတော်ကို ဖြည့်ဆည်းခဲ့ပါတယ်။ ဒီနည်း
တစ်နည်းတည်းသာ ညစ်ညမ်းတဲ့ ကျွန်တော်တို့ လူသားတွေ
အားလုံးရဲ့အပြစ်တွေကို သန့်ရှင်းတော်
မူသော ဘုရားသခင်က လက်ခံတော်မူနိုင်
ပါတယ်။ ဘုရားသခင်ရဲ့အလိုတော်နဲ့ အညီ ပေးသနား
တော်မူတဲ့အပြစ်လွှတ်ခြင်း အစီအစဉ်ကို လက်ခံ
မှသာ ခင်ဗျားရဲ့အပြစ်ကို လွှတ်တော်မူပါ
လိမ့်မယ်။ ခင်ဗျားရဲ့ကောင်းမှု ကုသိုလ်နဲ့ ဘုရား
သခင်ရဲ့ရှေ့မှာ မျက်နှာသာ ယူလို့ မရပါဘူး။ ခင်ဗျားဟာ ဘုရားသခင်ရဲ့
အပြစ်လွှတ်ခြင်းကို ခံယူသည် ဖြစ်စေ၊ ငြင်းပယ်ခြင်းရဲ့ အဖိုးအခကို ခံယူသည်ဖြစ်စေ၊ ခရစ်တော်ရဲ့
စွန့်လွှတ်ပူဇော်ခြင်းနဲ့ ခင်ဗျားတို့ရဲ့အပြစ်တွေကို ခွင့်လွှတ်တော်မူတဲ့ အရှင်သခင်အဖြစ် အကြွင်းမဲ့
လက်ခံ မှသာလျှင် ခင်ဗျားဟာ ဘုရားသခင်နဲ့ မိတ်သဟာယ ဖွဲ့နိုင်ပါလိမ့်မယ်
အသွေးအသားအားဖြင့်သာ အသက်မွေးဖို့ လိုအပ်တာမဟုတ်ဘဲ ဝိညာဉ် အရလည်း မွေးဖွားခြင်းခံဖို့ လိုတဲ့အကြောင်း သမ္မာကျမ်းစာ ထဲမှာ ဖေါ်ပြထားပါတယ်....


ခရစ်တော်လောကမှာ အသက်ထင်ရှားရှိရှိန်တုန်းက ဘာသာရေးခေါင်းဆောင် တစ်ဦးဖြစ်တဲ့
" နိကောဒိန် " ဟာ ဘုရားသခင်ရဲ့အကြောင်းကို စုံစမ်းမေးမြန်းဖို့ ခရစ်တော်ဆီ ရောက်လာတယ်
ခရစ်တော်က ဘာပြန်ဖြေခဲ့သလဲ
ဒုတိယမွေးခြင်းကို မခံတဲ့လူသားတိုင်းဟာ ဘုရားသခင်ရဲ့ နိုင်ငံတော်ကို မြင်ရမှာ မဟုတ်ဘူးလို့ ခရစ်တော် ဖြေကြားခဲ့တယ်
အသက်အရွယ်ကြီးလာပြီးမှ လူတစ်ယောက်ဟာ ဘယ်လို လုပ်ပြီး ဒုတိယအကြိမ် မွေးခြင်းကို ခံနိုင်ပါ့မလဲ


သခင်ယေရှုကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ရဲ့အမြင်မှာ ကျွန်တော်တို့ဟာ ကိုယ်တော်နဲ့ ရင်းနှီးတဲ့ လူတွေ ဖြစ်လာကြပါတယ်။ ယေရှုကို ယုံကြည် ကိုးစားခြင်းဟာ ကျွန်တော်တို့အတွက် အရေးကြီးဆုံးဖြစ်ပါတယ်
ကျွန်တော်တို့ဟာ ဘုရားသခင်ထံမှ ထာဝရ အသက်ကို တောင်းခံမှ သာလျှင် အဲဒီ ဒုတိယ မွေးခြင်းကို ရရှိမှာ ဖြစ်ပါတယ်။
ယုံကြည်ခြင်း ဆိုတာ ဘာလဲ
ပြီးတော့ စရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာ ကျွန်တော်တို့ဟာ ကောင်းချီးမင်္ဂလာကို ခံစားရမှာ ဖြစ်ပါတယ်။ ယေဘုယျအားဖြင့် ကျွန်တော်တို့ရဲ့ အသက်တာမှာ ကုလားထိုင်ပေါ် ထိုင်လိုက်မယ် ဆိုရင် လဲကျ မသွားဘူးဆိုတာ ယုံကြည် စိတ်ချကြတယ်။ ဒါပေမယ့် ဘုရားသခင်ဆီက ရတဲ့ ကယ်တင်ခြင်းနဲ့ ဆိုင်တဲ့ ယုံကြည်ခြင်းကတော့ လုံးဝ ခြားနားပါတယ်


လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက လူတစ်ယောက်ဟာ ရေကန်ကြီးတစ်ခုပေါ်က သွယ်တန်းထားတဲ့ ကောင်းကင်ကြိုးတန်းပေါ်မှာ စက်ဘီးစီးပြနိုင်တယ်လို့ စိန်ခေါ်ခဲ့ဘူးတယ် ။ သူဟာ အောင်အောင်မြင်မြင် လုပ်ပြနိုင်ခဲ့တဲ့ အတွက် လာရောက်ကြည့်ရှု အားပေးတဲ့ ပရိတ်သတ် တွေက အော်ဟစ်ပြီး ချီးကျူးသြဘာ ပေးကြတယ်....





တစ်နည်းဆိုရရင် စက်ဘီးသမားဟာ သူဘေးကင်းစွာ စီးပြနိုင်တယ်ဆိုတာ ယုံကြည်စိတ်ချတယ် ။ အဲဒီလိုပဲ လာရောက်ကြည့်ရှုတဲ့ လူတွေကလည်း သူတို့ကို တင်ပြီး စီးနိုင်တယ်ဆိုတာကို ယုံကြည်ကြတယ် ။ ဒါပေမယ့်လည်း တစ်ယောက်သော သူကပဲ သူနဲ့အတူ လိုက်ပြီးတော့ စီးခဲ့တယ် ။ စက်ဘီးစီးတဲ့လူအပေါ် မှာလည်း ယုံကြည်မှု အပြည့် ထားခဲ့တယ် ။ များသောအားဖြင့် လူတွေက ဘုရားသခင်ကို ယုံကြည်ကြတယ် ။ သူတို့ အပြစ်ဖြေလွှတ်နိုင်တယ်ဆိုတာ ကိုတော့ သူတို့မယုံကြဘူး ။ ဒီနေ့ လူအများစုဟာ စစ်မှန်တဲ့ ပျော်ရွှင်မှုနဲ့ ကင်းဝေးနေကြတယ် ။ သူတို့ နောင်ရေးနဲ့ အသက်တာ အတွက် တမလွန် ဘဝမှာ မရေမရာ ဖြစ်နေကြတယ် ။ ခရစ်တော်ကို လက်ခံဖို့ အတွက်လည်း ဝိနည်းရှောင်ကြတယ် ။




ဘုရားသခင် ကျွန်တော်ကို လက်ခံဖို့နဲ့ အသစ်မွေးဖွားခြင်းကိုခံဖို့တော့ ကျွန်တော် ရယူချင်ပါတယ်။ ဒါပေမယ့် ကျွန်တော် ဒီအကြောင်းနဲ့ပတ်သက်ပြီး ကောင်းကောင်း နားမလည်သေးပါဘူး....
ရေဒီယိုတစ်လုံးက
ဘယ်လို အလုပ်လုပ်တယ်ဆိုတာ ကျွန်တော်တို့ မသိကြပါဘူး။ ဒါပေမယ့် ရေဒီယိုအားဖြင့် ကျွန်တော်တို့မှာ အကျိုးအမြတ် ရရှိကြပါတယ်....




သခင်ယေရှုက အပြစ်သားများ ထမင်းစားပွဲကို ဖိတ်ခေါ်ခြင်းခံရလေတိုင်း " ငါသည် ဖြောင့်မတ်သော သူတို့အတွက် လာသည် မဟုတ်။ အပြစ်သားများကို နောင်တရစေခြင်းငှာ လာသည် " လို့ မိန့်တော်မူခဲ့သည်။ ခင်ဗျားရဲ့ အပြစ်တွေ အတွက် သူဟာ အသေသတ်ခြင်းကို ခံခဲ့ပါတယ်....







ဘုရားသခင်နဲ့ ကိုယ်တော်ရဲ့ စံချိန်တော် (စည်းမျဉ်းဥပဒေ)ကို ချိန်ထိုးနှိုင်းယှဉ်ဖို့ လိုပါတယ်။
ဘုရားသခင်ရဲ့ ပညတ်တော် များဟာ အရေးကြီးပါတယ်....


ဒါပေမယ့် တစ်ချို့က ဘယ်လို ပြောကြမလဲ ဆိုရင် ကျွန်တော်တို့ရဲ့ ကောင်းမှု ကုသိုလ်တွေဟာ မကောင်းမှု အကုသိုလ်တွေထက် များရင် ကျွန်တော်တို့ဟာ ကောင်းကင်နိုင်ငံကို ရောက်မှာပဲလို့ ပြောကြပါတယ်....
စာမေးပွဲ တစ်ခုအောင်မြင်ဖို့ အမှတ်(၄၀)လိုအပ်ပါတယ်။ အကယ်လို့(၃၉)မှတ်ပဲ ရတယ်။ ဒါမှမဟုတ် (၃)မှတ်ပဲ ရတယ်လို့ ဆိုကြပါစို့။ နှစ်မျိုးစလုံးဟာ ကျတာပဲ မဟုတ်လား....


ကျွန်တော်တို့ဟာ စုံလင်တဲ့ လူတစ်ယောက် မဟုတ်ပေမယ့် ရိုးသားဖြောင့်မတ်တဲ့ အသက်တာမှာ ရှင်သန်နေနိုင်ပါတယ်။ အဲဒါ မလုံလောက်ဘူးလား....
တစ်ခါက ဒီလို အဖြစ် အပျက်မျိုး လူတစ်ယောက် မှာ ဖြစ်ခဲ့ဖူးပါတယ်။ သူထင်နေတာက ပြင်ဦးလွင်မြို့(မေမြို့)ကို သွားတဲ့ ရထားပေါ်မှာ သူစီးနင်းလိုက်ပါ နေတယ်လို့ ထင်ခဲ့တယ်။ ဒါပေမယ့် တကယ်တော့ ရထားကြီးဟာ အခြားမြို့တစ်မြို့ကို ဦးတည် ခုတ်မောင်းနေတာ ဖြစ်တယ်။ အဲဒီလူကို ကြည့်ခြင်းအားဖြင့် ယုံကြည်မှု သက်သက်နဲ့ မလုံလောက် ကြောင်းကို ပြပါတယ်။ ဒါပေမယ့် အဲဒီ လမ်းဖြောင့်ရဲ့ အဆုံးမှာတော့ သေခြင်းပဲ ရှိပါတယ်....
ဟော
ရန်ကုန်ရောက်ပြီ


ကျွန်တော့် အနေနဲ့ ကျွန်တော် ကိုးကွယ်တဲ့ ဘာသာဟာ စုံလင်ပြည့်စုံတယ်လို့ မပြောလိုပါဘူး.....
ဘာသာတိုင်းဟာ ဘုရားသခင်နှစ်သက်တဲ့ အရာကိုပဲ ပြုလုပ်ဖို့ ပြောပါတယ်။ ကျွန်တော်တို့ ဒီ အတိုင်းပဲ လုပ်ရမယ်။ တခြားနည်းနဲ့ဆိုရင် ဆုတောင်းခြင်း၊ လှူဒါန်းခြင်း စသဖြင့်ပေါ့.....


သမ္မာကျမ်းစာက ခင်ဗျားအနေနဲ့ သမ္မာတရားကို
သိရင် သမ္မာတရားက ခင်ဗျားကို အပြစ်က
လွတ်စေလိမ့်မယ်လို့ ဖေါ်ပြထားပါတယ်....


ကျွန်တော်ဟာ ခရစ်တော်ရဲ့ နောက်လိုက်
တပည့်ဖြစ်ချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ
ခရစ်ယာန် အသက်တာအတိုင်း လိုက်မလျှောက်
နိုင်ဘူးဆိုတာ သေချာပါတယ်....
ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဝန် ကိုယ်ထမ်း
မယ်ဆိုရင် အောင်မြင်မှု မရဘဲ ရှုံးနိမ့်
လိမ့်မယ်ဆိုတာ အသေအချာပါပဲ....
ဘုရားသခင်ကသာ ခင်ဗျားကို
ခွန်အား ပေးနိုင်တယ် ဆိုတာကို
ခင်ဗျား ယုံကြည်ရင်
ဘုရားသခင်ကိုဝမ်းမြောက်စေနိုင်တဲ့သူ
ဖြစ်ပါလိမ့်မယ်။
ကျွန်တော့်ကို ခွန်အားပေးတဲ့ခရစ်တော်အားဖြင့်သာ
ကျွန်တော်ဟာ အရာခပ်သိမ်းကို တတ်စွမ်းပြုလုပ်
နိုင်ကြောင်း သမ္မာကျမ်းစာတော်မြတ်မှာ
ဖော်ပြ ထားပါတယ်....


ကျွန်တော်ဟာ ဒုစရိုက်ကို နှစ်သက်တဲ့သူ တစ်ယောက် အနေနဲ့ ခရစ်ယာန်တစ်ယောက် ဖြစ်လာဖို့ ဆိုတာ မလွယ်လှပါဘူး....
သူတစ်ပါးရဲ့ ဥစ္စာပစ္စည်းကို ခိုးဝှက်တတ်တဲ့ လူတွေနဲ့ အခြားဒုစရိုက်ကိုပြုတဲ့သူတွေဟာ သူတို့ရဲ့အပြစ် ဒုစရိုက်က ငရဲကို ပို့မှာပဲ။ သူတို့ဟာ သမ္မာတရားရဲ့အလင်းကောင်းမြတ်ခြင်း၊ ချစ်ခြင်းမေတ္တာနဲ့ ထာဝရ ဝေးကွာပြီး နောက်ဆုံးမှာ ဘုရားသခင်နဲ့ပါ ဝေးကွာသွားပါလိမ့်မယ်....


တကယ်လို့ ကျွန်တော်ဟာ ကြွယ်ဝ
ချမ်းသာမှု၊ လောကီချမ်းသာမှုတွေနဲ့သာ
အချိန်ကုန်လွန်စေခဲ့ပြီး ရေစီးယာဉ်အဖြစ်
ပြောင်းလဲခြင်းမရှိရင် ကျွန်တော်ဘာကို
ဆုံးရှုံးသွားမလဲ....
လူတိုင်းဟာ တစ်နေ့တော့
သေရမှာပဲ။ တစ်ဦးတစ်ယောက်ဟာ
တစ်ကမ္ဘာလုံးကိုပိုင်ဆိုင်ခွင့် ရရှိထားပေမယ့် မိမိရဲ့
အသက်ဝိညာဉ် ဆုံးရှုံးသွားရင် ဘာအကျိုး ရှိမှာလဲ။
ရှောလမုန် မင်းကြီးက ဘယ်လို
ဆုံးမထားသလဲ ဆိုရင်
လူတစ်ယောက်ဟာ လောကီဘဏ္ဍာကို
ဘယ်လောက်ပဲ ပိုင်ဆိုင်ထားပေမယ့်
အဲဒီ လောကီဘဏ္ဍာ အလုံးစုံဟာ "အနတ္တ"
သက်သက်ဖြစ်ပြီး တန်ဖိုး
မရှိကြောင်း ဆုံးမထားပါတယ်။ ခင်ဗျားလည်းပဲ
လောကီဘဏ္ဍာကို ဆည်းပူးနေမယ့်အစား ချစ်ခြင်း
မေတ္တာ၊ ပျော်ရွှင်မှုနဲ့ ငြိမ်သက်ခြင်းကို ခရစ်တော်ထံမှာ
ယုံကြည်ခြင်းနဲ့ ဆက်ကပ်ရာဖွေ ဆည်းပူးမယ်ဆိုရင်
ဘုရားသခင်ကို ရှာဖွေတွေ့ရှိခြင်း အရာမှာ
အသီးအပွင့်တွေကို ရရှိပါလိမ့်မယ်


တကယ်လို့ ကျွန်တော်ဟာ ခရစ်ယာန်တစ်ယောက်
ဖြစ်သွားရင် ကျွန်တော့် မိသားစု၊ မိတ်ဆွေတွေ
အားလုံးက ကျွန်တော်ကို ပိုင်းပယ်ကြမှာပဲ....
လူတွေက သခင်ယေရှုရဲ့တပည့်တော်တွေကို ခဲနဲ့
ပေါက်ကြတယ်။ တပည့်တော်တွေကလည်း
အသက်သေဆုံး ရတဲ့ အထိ ရိုက်နှက်ခြင်းကို ခံရ
ပေမယ့်လည်း သူတို့ဟာ ခရစ်တော်အတွက်ခံရတဲ့
ဒုက္ခ ဝေဒနာကို "အခွင့်ထူး" တစ်ခု
အဖြစ် ဝမ်းမြောက်စွာ
လက်ခံသွားကြတယ်။




ခင်ဗျား ပထမ အနေနဲ့ သခင်ယေရှုရဲ့ တပည့်
တစ်ယောက် ဖြစ်လာဖို့ ဘဝတစ်ခုလုံး စတေးဖို့
ဆိုတာမလွယ်ပေမယ့်လည်း၊ ခရစ်တော်ယေရှုကို အကြွင်းမဲ့ ယုံကြည် ကိုးစားတဲ့လူတိုင်းဟာ
ကိုယ်တော်ရှင်ကပေးသနားတော်မူတဲ့ အစွမ်းသတ္တိတွေ အားဖြင့် "မာတုရ"၊ တစ်နည်း ပြောရရင်
"အာဇာနည်" ကြီးတွေ ဖြစ်တဲ့အထိ ခရစ်တော်ယေရှုအတွက် အသက်ကို ပေးလှူနိုင်ကြ
ပါတယ်။

သခင်ယေရှုက ခင်ဗျားအတွက် မိမိရဲ့ အသက်တော်ကိုစွန့်လှူခဲ့ပါတယ်။ ဒါကြောင့် ခင်ဗျားလည်း
ပဲ ကိုယ်တော်ရှင်ရဲ့ လက်တော်ထဲမှာ ခင်ဗျားရဲ့အသက်တာကို ဒီနေ့ပဲဆက်ကပ်
အပ်နှံဖို့ မသင့်ဘူးလား မိတ်ဆွေ။

